# ပြီးပြည့်စုံမှု

# Perfection

By Horace Edwards

နယူးယောက်မြို့ ဘရွတ်ကလင်းရပ်ကွက်တွင်ရှိသည့် Shush ဟူသည့် ကျောင်းမှာ မသန်မစွမ်းကလေးများ ပညာသင်ကြားနိုင်ရန် လိုအပ်သည်များကို ဖြည့်တင်းပေးသည့်ကျောင်းဖြစ်ပါသည်။ အချို့ကလေးများသည် ၎င်းတို့၏ ကျောင်းသက်တမ်းတစ်ခုလုံး Shush ကျောင်းတွင်သာကျန်ရစ်ခဲ့ရစဉ် အချို့ကျောင်းသားများသည် ခေတ်ရေစီးကြောင်းအလိုက် သမားရိုးကျ ကျောင်းများသို့ ပြောင်းသွားခဲ့ပါသည်။ Shush ကျောင်း၏ ကျောင်းရံပုံငွေ ကောက်ခံသည့် ညစာစားပွဲတွင် Shush ကျောင်းမှ ကလေးဖခင်တစ်ဦးမှ ပြောခဲ့သည့် မိန့်ခွန်းအား တက်ရောက်လာသည့်သူများ ဘယ်သောအခါမျှ မေ့နိုင်လိမ့်မည်မဟုတ်ပါ။

ဤကျောင်းနှင့် မိမိကိုယ်ကို ဆက်ကပ်ထားခဲ့ကြသော ဝန်ထမ်းများအား ချီးကျူးထောမနာပြုခြင်းအပြီးတွင် သူသည် ငိုချလိုက်ပြီး "ကျွန်တော့်သား Shaya အတွက် ပြည့်စုံမှုဆိုတာ ဘယ်မှာလဲ၊ ဘုရားသခင်ဟာ လုပ်ခဲ့တဲ့အရာတိုင်းကို ပြည့်စုံအောင် ဆောင်ရွက်ခဲ့ပါတယ်။ ဒါပေမယ့် ကျွန်တော့်သားဟာ တခြားကလေးတွေ နားလည်တဲ့ အကြောင်းအရာတွေကို နားမလည်နိုင်ပါဘူး။ ကျွန်တော့်သားဟာ တခြားကလေးတွေလို အချက်အလက်များနဲ့ ကိန်းဂဏန်းတွေကို မမှတ်မိနိုင်ပါဘူး။ ဘုရားသခင်ရဲ့ ပြည့်စုံမှုဆိုတာ ဘယ်မှာလဲ" ဖခင်တစ်ယောက်၏ မချိတင်ကဲဝေဒနာခံစားလျက် မေးသောမေးခွန်းကြောင့် ငြိမ်သက်သွားပါသည်။ ထို့နောက် သူက "ဒီလိုကလေးမျိုးကို ဘုရားသခင်က လောကကြီးထဲ ယူဆောင်လာတဲ့အခါ သူရှာဖွေတဲ့ ပြီးမြောက်ပြည့်စုံမှုဆိုတာက လူတွေ ဒီကလေးအပေါ် တုံ့ပြန်ကြတဲ့ နည်းလမ်းမှာ ရှိနေတယ်လို့ ကျွန်တော် ယုံကြည်မိတယ်"ဟု ဆက်ဖြေကြားခဲ့သည်။

ထို့နောက် သူသည် သူ၏သားအကြောင်းဖော်ပြပါ ဇာတ်လမ်းလေးကို ပြောပြ ပါသည်။တစ်ခုသော မွန်းလွဲပိုင်းအချိန်၌ Shaya နှင့် သူ၏ဖခင်တို့သည် Shaya သိသော ယောကျာ်းလေးအချို့ ဘေ့(စ်)ဘော(လ်) ကစားနေသော ပန်းခြံအနီးမှ ဖြတ်လျှောက်သွားခဲ့ပါသည်။ Shaya က "သူတို့က သားကိုပေးကစားလိမ့်မယ်လို့ ဖေဖေထင်သလားဟင်"ဟု သူ၏ ဖခင်အားမေးပါသည်။ Shaya ၏ဖခင်က သူ၏သားသည် အားကစားကို မလုပ်ဖူးမှန်းသိပြီး ထိုယောကျာ်းလေးအများစုက သူတို့၏ အသင်းထဲတွင် သူ့သားအား ပါစေချင်မည်မဟုတ်သည်ကို သိပါသည်။ သို့သော် သူ၏သား ကစားဖို့ ရွေးချယ်ခြင်းခံပါက သူသည်လည်း သူတို့ထဲမှ တစ်ဦးဖြစ်ကြောင်း သိရသည့်စိတ်က သူ့အားကျေနပ်နှစ်သိမ့်မှုပေးနိုင်မည်ဖြစ်ကြောင်း Shaya ၏ဖခင်က နားလည်ပါသည်။ Shaya ၏ဖခင်သည် ကစားကွင်းအတွင်းရှိ ယောကျာ်းလေးတစ်ဦးအား ချဉ်းကပ်ပြီး Shaya ကစားခွင့်ရှိမည်လားဟု မေးကြည့်ခဲ့ပါသည်။

ထိုကောင်လေးကသူ၏ ကစားဖော်များ၏ သဘောထားမည်ကဲ့သို့ရှိမည်ကို သိလို၍ လှည့်ကြည့်လိုက်လေသည်။ မည်သည့်တုန့်ပြန်ချက်မှမရ၊ ထို့ကြောင့် ဤကိစ္စအား သူ့ဘာသာဖြေရှင်းရန် ကိုင်တွယ်လိုက်ပြီး "ကျွန်တော်တို့က (၆)ပတ်ရှုံးထားပြီးပြီ၊ ပွဲက(၈)ကြိမ်မြောက်ရိုက်ရမယ့်အလှည့်ရောက်နေပြီ။ ကျွန်တော်ထင်တယ်။ သူဟာ ကျွန်တော်တို့အသင်းမှာ ပါဝင်နိုင်ပြီး (၉)ကြိမ်မြောက် ရိုက်ရမယ့်အလှည့်ရောက်ရင် သူ့ကို ဘက်တံရိုက်တဲ့နေရာမှာ ကြိုးစား ထားကြည့်ပါမယ်"ဟုပြောပြပါသည်။ Shaya၏ လိုက်လိုက်လဲလဲအပြုံးကြောင့်သူ၏ဖခင်သည်ပီတိဖြစ်သွားခဲ့ပါသည်။ Shaya သည် လက်အိတ်ကိုစွပ်ရန် ပြောကြားခြင်းခံရပြီး ကစားရန် ကွင်းလယ်သို့ ထွက်သွားခဲ့ပါသည်။

(၈)ကြိမ်မြောက် ရိုက်ရသည့်အလှည့်တွင် Shaya ၏အသင်းသည်အနည်းငယ်ပြေးနိုင်ခဲ့သော်လည်း (၃)ပတ်မျှ နောက်ကျနေသေးပါသည်။ (၉)ကြိမ်မြောက်ရိုက်ရသည့် အလှည့်အစတွင် Shaya ၏ အသင်းသည် တဖန်အမှတ်ပြန်ရလာပြီး ယခုအခါ (၂)မှတ်သာကွာတော့ပြီး နိုင်နိုင်သည့် အလားအလာရှိသောကြောင့် Shaya ရိုက်ရမည့်အလှည့်ကို စီစဉ်ပေးလိုက်ပါသည်။ အသင်းအနေဖြင့် Shaya အား ဤအဆင့်တွင် ရိုက်ခိုင်းစေခြင်းဖြင့် ပွဲအနိုင်ရရှိမည့် အခွင့်အရေးကို တကယ်တမ်းလက်လွှတ်ခံမည်လား?

အံ့ဩစရာပင် Shaya အား ဘက်တံကို ပေး၍ ရိုက်ခိုင်းပါသည်။ ဤသည်မှာ ဖြစ်နိုင်စရာမရှိဟူသည်ကို လူတိုင်းသိပါသည်။ အဘယ်ကြောင့်ဆိုသော် Shaya သည် ဘောလုံးကို ထိအောင်ရိုက်နိုင်ဖို့နေနေသာသာ ဘက်တံကို မည်ကဲ့သို့ ကောင်းစွာကိုင်ရမည်ကိုပင် မသိသောကြောင့်ဖြစ်သည်။ သို့ရာတွင် Shaya သည် စရိုက်ရမည့်နေရာကို တက်လှမ်းလိုက်သည်နှင့် ဘောလုံးပစ်သူသည်လည်း စပစ်ရမည့်နေရာသို့ ခြေလှမ်းအနည်းငယ်တိုးလာပြီး ဘောလုံးကို ညင်သာစွာ မြောက်ပေးသောကြောင့် Shaya သည် အနည်းဆုံးဘောလုံးကို ထိအောင်ရိုက်နိုင်မည်ဖြစ်သည်။ ပထမဆုံး ပစ်ပေးသော လာသောအခါ Shaya သည် ဘက်တံကို ပုံမကျ၊ ပန်းမကျ လွှဲလိုက်သောကြောင့် လွဲချော်သွားခဲ့ပေသည်။ Shaya ၏ အသင်းဖော်တစ်ဦးမှ သူ့ထံလာပြီး ဘက်တံကို အတူတူကိုင်ကာ ဘောလုံးပစ်သူထံ ရင်ဆိုင်၍ နောက်တစ်ကြိမ်ပစ်လာမည့်ဘောလုံးကို စောင့်နေလေသည်။

ဘောလုံးပစ်မည့်သူသည် အရှေ့သို့ ခြေလှမ်းအနည်းငယ်တိုးလာပြီး Shaya ထံ ဘောလုံးကို ညင်သာစွာ ပစ်ပေးလိုက်သည်။ ဘောလုံးပစ်ပေးလိုက်သည့်အခါ Shaya နှင့် သူ၏ အသင်းဖော်မှ ဘက်တံကို အတူတကွ လွှဲ၍ရိုက်လိုက်ပြီးဘောလုံးသည် မြေကြီးသို့ ဖြည်းညင်းစွာထောက်ကာ ပစ်သောသူထံ ရောက်သွားလေသည်။ ဘောလုံးပစ်သူသည် မြေကြီးသို့ ညင်သာစွာ ထောက်လာသော ဘောလုံးကိုဖမ်းပြီးပထမတိုင်တွင်ရှိသော ကစားသူထံသို့ ဘောလုံးကို လွယ်ကူစွာ ပစ်ပေးနိုင်မည်ဖြစ်၍ Shaya လည်း ပြိုင်ပွဲမှထွက်ရပြီး ပွဲသည်ပြီးဆုံးသွားမည်ဖြစ်သည်။

ထိုသို့ဖြစ်ရမည့်အစား ဘောလုံးဖမ်းသူသည် ဘောလုံးကိုယူ၍ ကွင်းညာဖက်ခြမ်းသို့ စက်ဝိုင်းကွေးသဏ္ဍာန် ပစ်လိုက်သဖြင့် ဘောလုံးသည် ပထမတိုင်တွင်ရှိသော ကစားသမားမမှီနိုင်သောနေရာသို့ ရောက်ရှိသွားလေသည်။ လူတိုင်းက Shaya ပထမတိုင်ကိုပြေး၊ ပထမတိုင်ကိုပြေး ဟူ၍ စတင်အော်ဟစ်လေတော့သည်။ Shaya ၏ ဘဝတွင် တစ်ခါမျှ ပထမထိတိုင်ရောက်အောင် မပြေးဖူးပါ။ သူသည် မျက်စိအပြူးသားနှင့်လန့်ဖျပ်သွားကာ ခုန်ပေါက်ပြေးလေတော့သည်။

ပထမတိုင်သို့ သူရောက်သွားသောအခါ ကွင်းညာခြမ်းရှိ ကစားသမားလက်ထဲသို့ ဘောလုံးရောက်သွားပြီဖြစ်သည်။ Shaya သည် ဆက်၍ ပြေးခဲ့ပါသည်။ ကွင်းညာခြမ်းကစားသမားသည် Shaya အားဖမ်းနိုင်မည့် ဒုတိယတိုင်ရှိ ကစားသမားထံသို့ ဘောလုံးကို ပစ်ပေးနိုင်ပါသည်။ သို့ရာတွင် ညာခြမ်းကစားသမားသည် ဘောလုံးစပစ်သူ၏ ရည်ရွယ်ချက်ကို သဘောပေါက်ပြီး ဘောလုံးအား တတိယတိုင်ရှိ ကစားသမား၏ ခေါင်းပေါ်မှကျော်ကာ ဝေးရာသို့ ခပ်မြင့်မြင့် ပစ်လိုက်ပါသည်။

အားလုံးက 'ဒုတိယတိုင်ကိုပြေး၊ ဒုတိယတိုင်ကိုပြေး'ဟု အော်ဟစ်သောအခါ Shaya သည် ဒုတိယတိုင်ကိုပြေးနေစဉ်မှာ သူ့ရှေ့တွင်ရှိသော ကစားသမားသည်လည်း ပျော်ရွှင်မြူးထူးစွာဖြင့် စထွက်သည့်တိုင်ကို ရောက်အောင် အခြားတိုင်များကိုဖြတ်၍ ပြေးသွားပါသည်။ Shaya ဒုတိယတိုင်သို့ရောက်သည့်အချိန်တွင် တစ်ဖက်အသင်းမှ လူတစ်ယောက်က သူ့ဆီပြေးလာပြီး သူ့အား တတိယတိုင်ဘက်သို့ ဦးတည်ပေးလိုက်ကာ တတိယတိုင်ကိုပြေးဟု အော်လိုက်ပါသည်။

တတိယတိုင်သို့Shayaရောက်သည့်အခါတွင် နှစ်သင်းစလုံးမှ ယောကျာ်းလေးများသည် Shaya စထွက်သည့်တိုင်ကိုပြေးဟု အော်ပါသည်။Shaya စထွက်သည့်နေရာသို့ ရောက်သောအခါ ယောကျာ်းလေး(၁၈)ယောက်စလုံးသူ့အားပုခုံးပေါ်သို့ ထမ်းမြောက်လိုက်ပါသည်။ Shaya သည်သူရဲကောင်းဖြစ်သွားခဲ့ပါသည်။ သူသည် စထွက်သည့်နေရာသို့အရောက်ပြေးခဲ့ပြီး သူ့အသင်းသားများကို အနိုင်ရရှိစေခဲ့ကာ တံခွန်စိုက်ဆုကို ဆွတ်ခူးပေးနိုင်ခဲ့ပါသည်။

သူ၏ဖခင်က ထိုနေ့တွင် ထိုယောကျာ်းလေး (၁၈)ယောက်သည် ဘုရားသခင်၏ ပြည့်စုံမှုအဆင့်ကိုရောက်ခဲ့ကြောင်း မျက်ရည်များစီးကျလျက် ပြောသွားခဲ့ပါသည်။